MINISTRY OF HUMAN RIGHTS

အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁၊ အမှတ် ၁၇

၂ စက်တင်ဘာ ၂၀၂၂

## အမျိုးသားညီညွတ်ရေးအစိုးရနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ခိုလှုံနေကြတဲ့ ရိုဟင်ဂျာပြည်သူတွေ ရင်းနှီးစွာ တွေ့ဆုံ




အမျိုးသားညီညွတ်ရေးအစိုးရနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ခိုလှုံနေကြတဲ့ ရိုဟင်ဂျာပြည်သူတွေ အကြား ရင်းနှီးစွာတွေ့ဆုံပွဲကို ဩဂုတ် ၂၉ ရက် ည ၇ နာရီမှာ ပြုလုပ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက “အိမ်နီးနားချင်း နိုင်ငံတွေမှာ ခိုလှုံနေကြရတဲ့ ရိုဟင်ဂျာဒုက္ခ သည်တွေ မိမိသဘော ဆန္ဒဖြင့်၊ ဂုဏ်သိက္ခာရှိရှိ၊ လုံခြုံမှုရှိရှိဖြင့် ရေရှည်တည်တံ့သော ပြည်တော်ပြန်နိုင်ရေး အတွက် အမျိုးသား ညီညွတ်ရေးအစိုးရဟာ ရိုဟင်ဂျာပြည်သူများ၊ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်း များ၊ ဘင်္ဂလားဒေ့ရှ်အစိုးရ နှင့် ကုလသမဂ္ဂ တို့ နှင့်အတူ ရိုဟင်ဂျာ ပြည်သူတွေ အိမ်ပြန်နိုင်ရေး အတွက် ကောင်းမွန်သင့်တော်သော အခြေအနေများ ဖန်တီးရန် ကြိုးစားနေကြောင်း ထပ်မံ ကတိပြုလိုပါတယ်” လို့ ပြောကြားခဲ့သည်။

နိုင်ငံတော်ယာယီသမ္မတ ဒူဝါလရှီးလက အမျိုးသားညီညွတ်ရေး အစိုးရအနေနဲ့ ရိုဟင်ဂျာတွေအတွက် အချက် ၃ ချက်ကို လုပ်ဆောင်နေပြီးတော့ အဲဒီအချက်တွေက တရားမျှတမှုနဲ့ တာဝန်ယူမှု တည်ဆောက်တာ၊ ရိုဟင်ဂျာပြည်သူများ ပြည်တော်ပြန်နိုင်ရေး အထောက်အကူပြုရန် အခြေအနေများ ဖန်တီးတာနဲ့ ဥပဒေအရနဲ့ လက်တွေ့အရ တန်းတူညီမျှမှု ပေးနိုင်ရန်ကြိုးပမ်းခြင်းတို့ ဖြစ်ကြောင်း ပြောကြားခဲ့သည်

အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှု၊ ခွဲခြားဆက်ဆံမှုတွေ ဖြစ်စေတဲ့ ၁၉၈၂ နိုင်ငံသား ဥပဒေအပါအဝင် အခြားဖိနှိပ်တဲ့ ဥပဒေတွေကို ပယ်ဖျက်ဖို့၊ ပြင်ဆင်ဖို့၊ အစားထိုးဖို့ကိုလည်း ကတိကဝတ် ပြုထားပြီးဖြစ်ကြောင်း၊ ရိုဟင်ဂျာ ပြည်သူတွေ၊ တိုင်းရင်းသား လူမျိုးအဖွဲ့အစည်းတွေ၊ ဘင်္ဂလားဒေ့ရှ် အစိုးရ၊ ကုလသမဂ္ဂတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ပြီး ရိုဟင်ဂျာများ အိမ်ပြန်နိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ဖို့ ကတိကဝတ် ပြုထားကြောင်းကိုလည်း နိုင်ငံတော်ယာယီသမ္မတက ပြောကြားခဲ့ ပါတယ်။

တွေ့ဆုံပွဲတွင်ပြည်ထောင်စုဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားညီညွတ်ရေးအစိုးရက ရိုဟင်ဂျာပြည်သူ တွေနဲ့ ပတ်သက်ပြီး သဘောထားတွေ၊ ကြိုးပမ်းလုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်များကို လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနက ပြောကြား မှုတွေ ပြုလုပ်ခဲ့ပါတယ်။

## ရိုဟင်ဂျာပြည်သူများအပေါ် ရက်စက်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့မှု ငါးနှစ်ပြည့် နှစ်ပတ်လည်မိန့်ခွန်း - စာ ၃




မိဘပြည်သူများခင်ဗျာ…

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည် ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေ သည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင် နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေး ဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြား နိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့ က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့ တိုင်ကြားရာ မှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုးကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တ ကျ စုစည်းပြီး တရားမျှတမှု ရရှိဖို့အတွက် အစွမ်းကုန် ကြိုးစား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ်ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## ဩဂုတ်လတစ်လအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



# ရိုဟင်ဂျာပြည်သူများအပေါ် ရက်စက်သည့် ရာဇဝတ်မှုများ ကျူးလွန်ခဲ့မှု ငါးနှစ်ပြည့် နှစ်ပတ်လည်မိန့်ခွန်း

ရိုဟင်ဂျာပြည်သူများအပေါ် ရက်စက်ယုတ်မာစွာ လူမျိုးသုဉ်းစေရန် ရည်ရွယ်သတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည့် ငါးနှစ်ပြည့် နှစ်ပတ်လည်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း ကိုယ်တိုင် ပါဝင်ရိုက်ကူးထားသည့် ရုပ်သံဖိုင်အား ဩဂုတ် ၂၅ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ရုပ်သံဖိုင်၌ ပြည်ထောင်စုဝန်ကြီးက "အကြမ်းဖက်စစ်အာဏာရှင်တွေ အုပ်ချုပ်နေတဲ့ ကာလအတွင်းမှာ ကြေကွဲဝမ်းနည်းစရာ အထိမ်းအမှတ်နေ့တွေ ပြည့်နှက်နေတတ်ပါတယ်။ ဒီအထဲမှာမှ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်စစ်အာဏာရှင်ကြောင့် ဖြစ်ပေါ်လာတဲ့ ကြေကွဲဝမ်းနည်းစရာတွေနဲ့ အမှတ်ရနေရတဲ့နေ့ကတော့ ၂၀၁၇ ခုနှစ်အတွင်း အကြမ်းဖက်စစ်တပ်က ရိုဟင်ဂျာ ပြည်သူတွေအပေါ် ရက်စက်ယုတ်မာပြီး လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်နဲ့ သတ်ဖြတ်ခဲ့တဲ့ နေ့ဟာလည်း အပါအဝင်ဖြစ်ပါ"ကြောင်း၊ "လက်နက်အင်အား၊ လူအင်အားတွေအပြင် စီမံကိန်းတွေနဲ့ စနစ်တကျ အကွက်ချသတ်ဖြတ်ခံတဲ့ ဒီဖြစ်စဉ်ကြောင့် ရိုဟင်ဂျာ ပြည်သူများစွာ သတ်ဖြတ်ခံထိခဲ့ပြီး ရွာပေါင်းများစွာ ပျက်စီးဆုံးရှုံးပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်။ ဒီအကျိုးဆက်ကြောင့် ရိုဟင်ဂျာပြည်သူတွေဟာ အိမ်နီးနားချင်းနိုင်ငံတွေမှာ ဒုက္ခသည်အဖြစ် ခိုလှုံနေရဆဲဖြစ်ပါတယ်။ ဒီလိုလုပ်ရပ်တွေကို ကျူးလွန်မှုဟာ သာမန်ရာဇဝတ်မှုတွေတင်မကဘဲ နိုင်ငံတကာ ရာဇဝတ်မှုကိုပါ ကျူးလွန်တာဖြစ်တဲ့အတွက်ကြောင့် လွန်စွာဝမ်းနည်းကြေကွဲမိတဲ့ အကြောင်းပြောကြားလိုပါတယ်" ဟု ဆိုထားသည်။

ထို့ပြင် "NUG အစိုးရအနေနဲ့ တရားမျှတမှုဖော်ဆောင်မှု၊ အပြစ်ရှိသူကို အပြစ်ပေးအရေးယူနိုင်ဖို နဲ့ လူတိုင်းလူတိုင်း လူ့အခွင့်အရေး ရရှိနိုင်ရေး လုပ်ဆောင်နေမှု စတဲ့အချက်တွေကို အဓိကထား လုပ်ဆောင်နေတဲ့ အစိုးရတစ်ရပ်ဖြစ်တာမို့ ဒီလိုအဖြစ်အပျက်တွေကို ကြေကွဲ ဝမ်းနည်းရုံတင်မကဘဲ အမှန်တရားဖော်ဆောင်နိုင်ဖို လက်တွေ့ လုပ်ဆောင်ချက်များအဖြစ် လုပ်ဆောင်ခဲ့တာတွေရှိပါတယ်။ အဲ့ဒီ လက်တွေ့လုပ်ဆောင်ချက်များထဲမှာ ရိုဟင်ဂျာများဆိုင်ရာ ထုတ်ပြန်ကြေညာချက်ကို ၂၀၂၁ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီး အဲ့ဒီထုတ်ပြန်ချက်ထဲမှာ - ရိုဟင်ဂျာတွေအပေါ် မှာခွဲခြားမှုတွေဖြစ်ပွါးစေတဲ့ အကြောင်းအရင်းတွေနဲ့ အဲ့ဒီအကြောင်းအရင်းတွေကို ဘယ်လိုလုပ်ဆောင်မယ် ဆိုတဲ့ အချက်အလက်တွေပါဝင်ပါတယ်။ အမျိုးသားညီညွတ်ရေးအစိုးရဟာ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ပြည်သူ/ပြည်သား အပေါင်းကို တန်းတူညီမျှမှုကို လက်ကိုင်ထားပြီး တရားမျှတမှုဖော်ဆောင်ပေးနေတဲ့အကြောင်းအချက်အလက်တွေကို ရှင်းလင်းတင်ပြထားပါတယ်" ဟုလည်း ပြောဆိုသွားသည်။

# ကရင်နီစစ်ဘေးရှောင်များ ရန်ပုံငွေပွဲတွင် ပါဝင်ပေးကြရန် ဒုဝန်ကြီး တိုက်တွန်း

ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့ရှိ Oakleigh မြို့နယ်ခန်းမတွင် ပြုလုပ်မည့် ကရင်နီပြည်နယ်တွင်းရှိ စစ်ဘေးရှောင်ပြည်သူများ အတွက် ရည်ရွယ်သည့် ရန်ပုံငွေဈေးရောင်းပွဲအား အများပြည်သူ များအနေဖြင့် အားပေးကူညီကြရန် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ခွန်ဗဟန်းထန်က တိုက်တွန်းထားသည်။

အဆိုပါ ရန်ပုံငွေပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပခဲ့ခြင်း အကြမ်းဖက်စစ်ကောင်စီ၏ ထိုးစစ်များကြောင့် အတိဒုက္ခရောက်နေကြသည့် စစ်ဘေးရှောင်ပြည်သူအား ကူညီရန် ရွယ်ရွယ်ကာ ရိုးရာအစားအသောက် ရောင်းချခြင်း၊ လက်မှုပစ္စည်းများ ရောင်းချခြင်းနှင့် လတ်တလောဖြစ်ပွားနေသည့် ကရင်နီပြည်နယ်ဒေသ အခြေအနေအား ရှင်းလင်းပြောဆိုမှုများ၊ ရိုးရာ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည် ဖြစ်သည်။

"မိတ်ဆွေတို့ရဲ့ မေတ္တာ စေတနာနဲ့ ရိုင်းပင်းကူညီမှုဟာ အခက်အခဲကြုံတွေ့နေကြရတဲ့ ကျွန်တော်တို့ ညီအကိုမောင်နှမတွေအတွက် စိတ်ဓါတ်ခွန်အား ဖြစ်စေရန် အားဆေးတစ်ခွက် ဖြစ်ရုံမက၊ လက်တွေ့ ဘဝအခက်အခဲတွေအတွက်လည်း လက်တွေ့အကျိုးရှိစေမှာ ဖြစ်ကြောင်း" ဒုဝန်ကြီးက တိုက်တွန်းထားသည်။

# မြန်မာ့အရေး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး - ICC အရေးယူဆောင်ရွက်နိုင်ရေး စကားဝိုင်းကျင်းပ

မြန်မာနိုင်ငံတွင် ပြစ်ဒဏ်ချမှတ်မှု အဆုံးသတ်ရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး - ICC က အဘယ်ကြောင့် အရေးယူမည်နည်း ခေါင်းစဉ်ဖြင့် Webniar အွန်လိုင်းစကားဝိုင်း ဩဂုတ်လ ၁၉ ရက်က ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် တက်ရောက်ပါဝင် ဆွေးနွေးခဲ့သည်။

အဆိုပါစကားဝိုင်းတွင် ကုလသမဂ္ဂ နိုင်ငံတကာရာဇဝတ်ခုံရုံး တည်ထောင်သူ တရားစီရင်ရေးအကြီး အကဲ Richard Goldstone ကိုယ်တိုင်တက်ရောက် ပါဝင်ဆွေးနွေးခဲ့သည်။ ထို့အပြင် အမျိုးသမီးငြိမ်းချမ်းရေးကွန်ရက် တည်ထောင်သူ အမှုဆောင်ဒါရိုက်တာ မဝေဝေနု၊ Legal Action Worldwide – LAW တည်ထောင်သူ Antonia Mulvey ၊ Dr, Ralph Wilde (Faculty of Law, University Collage London – UCL) ၊ Myanmar Accountability အဖွဲ့ ဒါရိုက်တာ Chris Gunness တို့လည်း ပါဝင်ဆွေးနွေးခဲ့သည်။

# စစ်ကောင်စီကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစား သုံးမျိုး

**ဥပဒေမဲ့ သတ်ဖြတ်မှုများ**

အကြမ်းဖက်စစ်ကောင်စီသည် ရက်သတ္တနှစ်ပတ်အတွင်း ဥပဒေမဲ့ သတ်ဖြတ်မှု အနည်းဆုံး ၂၂ မှု ကျူးလွန်ခဲ့ကာ အရပ်သားပြည်သူ (၅၅) ဦးထက်မနည်း သေဆုံးခဲ့သည်။ ကျူးလွန်မှုအဖြစ်ပွားဆုံးဒေသမှာ စစ်ကိုင်းတိုင်းဖြစ်ကာ ယင်းဒေသတစ်ခုတည်းပင် အနည်းဆုံး (၁၂) မှု ရှိသည်။ ဥပဒေမဲ့ သတ်ဖြတ်ခဲ့ရသူများတွင် အသက် (၁၂) နှစ်အရွယ် ကလေးငယ်မှ အသက် (၉၀) နှစ်အရွယ် သက်ကြီးရွယ်အိုများအထိ ပါဝင်သည်။

**ကိုယ်ပိုင်ပစ္စည်းများ ဖျက်ဆီးခံရမှု**

အရပ်သားများ၏ ကိုယ်ပိုင်ပစ္စည်းများ ဖျက်ဆီးမှုကို အကြမ်းဖက်စစ်ကောင်စီက ရက်သတ္တနှစ်ပတ်အတွင်း အနည်းဆုံး (၁၇) ကြိမ် ကျူးလွန်ခဲ့ရာ မီးရှို့ဖျက်ဆီးခံရမှုကြောင့် နေအိမ်ရာပေါင်းများစွာ မီးလောင်ပျက်စီးခဲ့ကာ ပြည်သူအများအပြား အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ယင်းသို့ ကျူးလွန်မှုအများဆုံးခံရသည့်ဒေသမှာ မကွေးတိုင်းဖြစ်ပြီး ယင်းဒေသတစ်ခုတည်း၌ အနည်းဆုံး (၁၀) ကြိမ် ကျူးလွန်ခဲ့သည်။

**တရားလက်လွတ်ဖမ်းဆီးမှု**

အကြမ်းဖက်စစ်ကောင်စီက ဩဂုတ်လ ၁ ရက်မှ ၁၅ ရက်အတွင်း တရားလက်လွတ်ဖမ်းဆီးမှု အနည်းဆုံး (၁၃) ကြိမ် ကျူးလွန်ခဲ့ရာ (၁၃၁) ထက်မနည်း ဖမ်းဆီးခံခဲ့ရသည်။ ဖမ်းဆီးမှုအများဆုံး ပြုလုပ်ခံရသည့်ဒေသမှာ မန္တလေးတိုင်းအတွင်းဖြစ်ကာ အနည်းဆုံး လေးကြိမ် ကျူးလွန်ခဲ့သည်။



# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၅၉%

အကြမ်းဖက် စစ်တပ်က နိုင်ငံအာဏာ လုယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ ကရင်ပြည်နယ်အတွင်း တိုက်ပွဲပေါင်း ၃,၉၉၃ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။ ယင်းပမာဏသည် တစ်နိုင်ငံလုံး ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ၏ ၅၉ ရာခိုင်နှုန်းခန့် ရှိသည်။

## ၃၄ မြို့နယ်၊ တိုက်ပွဲ ၆၄၁

အရပ်သားအစိုးရအား ထိန်းသိမ်းကာ စစ်တပ်က အာဏာသိမ်းမှု ပြုလုပ်ခဲ့ချိန်မှ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်အထိ နိုင်ငံအတွင်း လက်နက်ကိုင်တိုက်ပွဲပေါင်း ၆,၆၀၀ ကျော် ဖြစ်ပွားခဲ့သည်။ တိုက်ပွဲများမှာ နိုင်ငံ အနှံ့အပြား၌ ဖြစ်ပွားခြင်းဖြစ်ကာ စစ်ကိုင်းတိုင်းမှာ တိုင်းတွင်းမြို့နယ်အားလုံးနီးပါး၌ ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် မြို့နယ်ပေါင်း ၃၇ ခုရှိသည့်အနက် ၃၄ မြို့နယ်၌ တိုက်ပွဲများဖြစ်ပွားခဲ့ကာ တိုက်ပွဲပေါင်း ၆၄၁ ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။

ကိုးကား။ ISP Data Matters

# ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ လိုက်နာရမည့်များအား လူ့အခွင့်အရေးအခြေပြုကျင့်ဝတ်/စည်းမျဉ်းများအား ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ပို့ချ

အကြမ်းဖက်စစ်တပ်နှင့် စစ်အာဏာရှင်စနစ်အား လက်နက်ကိုင် တော်လှန်နေသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF များ အနေဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်၍ လိုက်နာသင့်သော အချက်များအား လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းကိုယ်တိုင် ဩဂုတ် ၁၈ ရက်က ကိုယ်တိုင် ပို့ချခဲ့သည်။

ပို့ချချက်များ၌ လူ့အခွင့်အရေးအား အခြေခံ၍ PDF များအနေဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် မဖြစ်မနေ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ အကြမ်း ဖက်စစ်ကောင်စီ၏ အကြမ်းဖက်မှုများအား လက်နက်ကိုင်ခုခံရာတွင် ပြန်လည်ပစ်မှတ်ထား တိုက်ခိုက်မှုများ ပြုလုပ်ရာ၌ သတိပြု ရမည့်အချက်များ၊ လက်နက်ချ အညံ့ခံလာသည့် စစ်သုံ့ပန်းများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များအပြင် PDF တပ်ဖွဲ့များအချင်းချင်းကြား လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်၊ စည်းကမ်းများအကြောင်းလည်း ပါဝင်သည်။

"အခွင့်အရေးဆိုတာ နိုင်ငံတကာက သတ်မှတ်ပေးလို့ ပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ လူတိုင်း လူ့ဂုဏ်သိက္ခာအပြည့်နဲ့ နေထိုင်နိုင်ဖို့ တောင်းဆိုရင်း နိုင်ငံတကာ စံနှုန်းတွေ ပေါ်ပေါက်လာတာပါ။ အဖွဲ့အစည်းတွေအနေနဲ့ လူ့အခွင့်အရေးကို လေးစားကြဖို့ တိုက်တွန်းရတာကလည်း နိုင်ငံတကာရဲ့ စံချိန်စံညွှန်းတွေသက်သက်ကြောင့် မဟုတ်ပါဘူး။ ဂုဏ်သိက္ခာရှိတဲ့ အင်အားစုတွေ တိုက်ပွဲဝင်နေတဲ့ တရားသော တိုက်ပွဲအဖြစ် သက်သေပြနိုင်ဖို့ပါ"

**ဦးအောင်မျိုးမင်း** (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန)